ဆပ်ပြာကျင်းကျေးရွာ

သရက်ပင်ကျေးရွာအုပ်စု

မိတ္ထီလာမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆပ်ပြာကျင်းကျေးရွာ၊ မိတ္ထီလာမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊အောက်တိုဘာလ

မာတိကာ

မာတိကာ ၂

၁. မိတ္ထီလာမြို့နယ်၊ သရက်ပင်အုပ်စု၊ ဆပ်ပြာကျင်းကျေးရွာ၏ သယံဇာတပြဓေပုံ ၃

၂. မိတ္ထီလာမြို့နယ်၊ သရက်ပင်အုပ်စု၊ ဆပ်ပြာကျင်းကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် ၄

၃. မိတ္ထီလာမြို့နယ်၊ သရက်ပင်အုပ်စု၊ ဆပ်ပြာကျင်းကျေးရွာ၏ ကျေးရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ ၅

၄. မိတ္ထီလာမြို့နယ်၊ သရက်ပင်အုပ်စု၊ ဆပ်ပြာကျင်းကျေးရွာ၏ ကျေးရွာလက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီ အနေအထား ၆

၄.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၇

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၈

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၉

၄.စ။ ပညာရေး ၁၀

၄.ဆ။ ကျန်းမာရေး ၁၁

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၂


၄.ဈ။ ကျား – မ ရေးရာ ၁၄

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၅


နောက်ဆက်တွဲများ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၆
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၈
- နောက်ဆက်တွဲ ၃ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား ၇


၁. မိတ္ထီလာမြို့နယ်၊ သရက်ပင်အုပ်စု၊ ဆပ်ပြာကျင်းကျေးရွာ၏ သယ်ဇာတပြမြေပုံ



၂. မိတ္ထီလာမြို့နယ်၊ သရက်ပင်အုပ်စု၊ ဆပ်ပြာကျင်းကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



၃. မိတ္ထီလာမြို့နယ်၊ သရက်ပင်အုပ်စု၊ ဆပ်ပြာကျင်းကျေးရွာ၏ ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ



၄. မိတ္ထီလာမြို့နယ်၊ သရက်ပင်အုပ်စု၊ ဆပ်ပြာကျင်းကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီအနေအထား

ဆပ်ပြာကျင်းကျေးရွာသည် မန္တလေးတိုင်းဒေသကြီး ၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ရှိ သရက်ပင် ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာတစ်ရွာဖြစ်ပြီး မိတ္ထီလာမြို့၏ အနောက်ဘက် (၄)မိုင် ခန့်အကွာ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းမှ တောင်ဘက် (၃)မိုင်ခန့်အကွာ ကျောက်လမ်းအတိုင်း သွားရောက်၍ မြေသား လမ်း(၁)မိုင် ခန့်အလွန်တွင် တည်ရှိပါသည်။ကျေးရွာ၏ မြောက်ဘက်တွင် ကြက်ခြံများ ၊ အနောက်ဘက်တွင် ယာကွင်းများတည်ရှိပြီး တည်ရှိပါသည်။ တောင်ဘက်တွင် မြောက်လည်ကျေးရွာနှင့် ချောင်းခြားလျှက်တည်ရှိပြီး ကျေးရွာ၏ အရှေ့ဘက်တွင် ထိန်လည် ကျေးရွာနှင့် ချောင်းခြားလျှက် တည်ရှိပါ သည်။ ဆပ်ပြာကျင်းကျေးရွာ၏ အကျယ်အဝန်းမှာ(၄၀)ဧက ခန့် ကျယ်ဝန်း ပါသည်။ ဆပ်ပြာကျင်းကျေးရွာနှင့် မိတ္ထီလာမြို့သို့ ဆက်သွယ် သောလမ်းမှ ကတ္တရာလမ်း ၊ ကျောက်လမ်း နှင့် မြေသားလမ်းများဖြစ်၍ မြေသားလမ်း(၁)မိုင်ခွဲခန့်မှာမိုးရာသီ တွင် သွားလာရန်ခက်ခဲပါသည်။ ဆပ်ပြာကျင်းကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော ကျေးရွာ တစ်ရွာဖြစ်ပြီး CP ကုမ္ပဏီမှ ကြက်ခြများဆောက်၍ ဖက်စပ်လုပ်ကိုင်ကြပါသည်။ ကျေးရွာ ပတ်ဝန်းကျင်ရှိ လယ်မြေ၊ ယာမြေများမှာ အမြဲတမ်းစိမ်းလန်းစိုပြေ၍ သာယာလှပသော ကျေးရွာ တစ်ရွာဖြစ်သည်။

၄.ခ။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ဆပ်ပြာကျင်းကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမန်အားဖြင့် နွေရာသီတွင် အပူချိန် ၃၇°C အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၃၀°C ရှိတက်ပါသည်။ မိုးရာသီတွင် တစ်ခါတရံ မိုးသည်းထန်စွာ ရွာသွန်းပြီး ၊ တစ်ခါတရံ မိုးခေါင်ခြင်း ကြောင့် ရာသီဥတုမှုန်ကန်ခြင်းမရှိပါ။

လယ်မြေ (၁)ဧကခန့်သာ ရှိပြီး ယာမြေ (၄၃၉)ဧက ခန့်ရှိသဖြင့် ယာမြေများပါသည်။ ယာမြေများမှာ စိုက်ပျိုးရေအတွက် မိုးကောင်းရေသောက်ဖြစ်သဖြင့် နွေရာသီတွင် စိုက်ပျိုးရေ အခက်အခဲဖြစ်ပါသည်။ နွေရာသီတွင် ရေရှားမှုနှင့် ရင်ဆိုင်ရသောအခါတွင် စိုက်ပျိုးရေရရှိရေးအတွက်

မြေအောက် ရေအရင်း အမြစ်များမှ စက်ရေတွင်းများဖြင့် စိုက်ပျိုးရေးကို ခက်ခဲစွာသုံးစွဲခဲ့ကြရပါသည်။ ထွန်ယက် စိုက်ပျိုး နိုင်သည့်မြေများကို နှမ်း ၊ ပဲစိမ်းငုံနှင့် ပဲကြားသီးနှံတို့ကို အဓိကထား စိုက်ပျိုးကြသည်။ သဘာဝအရင်း အမြစ်များအနေဖြင့် ဆပ်ပြာကျင်းကျေးရွာနှင့်ကပ်လျက်ရှိသော ချောင်းမှ သဲများအနည်းငယ် ထုတ်ယူ ရရှိနိုင်သည်။ စီးပွားဖြစ် ထုတ်ယူ သုံးစွဲခြင်းမရှိပါ။

၄.၈။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဆပ်ပြာကျင်းကျေးရွာတွင် စီးပွားရေးအခြေပြုသောအဖွဲ့ (၁)ဖွဲ့၊လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၅) ဖွဲ့ ရှိသည်။ ၄င်းအဖွဲ့အစည်းများသည် ၄င်းတို့၏ အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ အပြန်အလှန်ယုံကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ရရှိနိုင် ပါ က ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

ဆပ်ပြာကျင်းကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာ ရပ်မိ ရပ်ဖများ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပါင်းညှိနှိုင်း၍ ဘာသာရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်း များတွင် သာသနာ့အကျိုးတော်ဆောင်များဖြစ်သော ဂေါပကလူကြီးများ အဖွဲ့ဖွဲ့စည်းပေး၍ ဘာသာရေး လုပ်ငန်းများတွင် စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် စာသင်ကျောင်း၏ အကျိုးတော်ဆောင် ကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်း များတွင် ကူညီဆောင်ရွက်ပေးနိုင် ရန်အတွက် နာရေးလူမှုကူညီရေးအသင်း ဖွဲ့စည်း၍ စီမံဆောင် ရွက်စေခြင်း၊ ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေး ကဏ္ဍတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ကော်မတီ ဖွဲ့စည်း၍ လျှပ်စစ်မီးနှင့်ပတ်သက်သော ဓါတ်အားလိုင်းများထိန်းသိမ်းခြင်း၊ လျှပ်စစ် မီးလင်းရေးဘဏ္ဍာများရှာဖွေခြင်း လုပ်ငန်းများအတွက် စီမံခန့် ခွဲစေခြင်း၊ ကျေးရွာတွင်း ဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သော လမ်းများ၊ကျေးရွာပိုင်အဆောက်အဦများကို ပြုပြင် ထိန်းသိမ်းခြင်း၊ သာရေး နာရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ကျေးရွာပိုင်ပစ္စည်းများထိန်းသိမ်းခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး

ရန်ပုံငွေရှာဖွေခြင်းများလုပ်ဆောင်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲစေခြင်း၊ သာရေးနာရေးများတွင် ကူညီချက်ပြုတ်လုပ်ဆောင်ရန်အတွက် ထမင်းချက်အဖွဲ့များ ၊ ဟင်းချက် အဖွဲ့များ၊ လူငယ် ပရဟိတအဖွဲ့များ၊ အမျိုးသမီးပရဟိတအဖွဲ့၊ ထမင်းကျွေးတာဝန်များအား ဆယ်အိမ်မှူးများမှ စီမံခန့်ခွဲဦးဆောင်စေခြင်းစသောဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အဖွဲ့ အစည်းလိုက် တာဝန် ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ဆပ်ပြာကျင်းကျေးရွာ၏အဓိကစီးပွားရေးလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ အိမ်ထောင်စုအားလုံးနီးပါး သည် လယ်ယာစိုက်ပျိုးခြင်းကို ကိုယ်ပိုင်လုပ်ကိုင်ပြီး လယ်ယာလုပ်ငန်းကို အဓာနလုပ်ကိုင်သူအိမ်ထောင်စု အနည်းငယ် သာ တွေ့ရှိရပါသည်။ အိမ်ထောင်စု(၁၇၅)စု အားလုံးနီးပါးသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သူများဖြစ်ကြပြီးအခြားစီးပွားရေးအဖြစ် နိုင်ငံဝန်ထမ်းများ၊ စက်မှုလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်း၊ CP ကြက်မွေးမြူခြင်းလုပ်ငန်း ၊ လက်သမား၊ ပန်းရံလုပ်ငန်းများနှင့် တောင်သူအဓာနများ လုပ်ကိုင်ကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသောတောင်သူများအနေဖြင့် ရာသီဥတု၊ စိုက်ပျိုးရေးကောင်းစွာ ရရှိပြီး သီးနှံထွက်နှုန်းကောင်းမွန်၍ ဈေးကွက်ကောင်းမွန်လျှင် အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတုဖောက်ပြန်ပြီး စိုက်ပျိုးရေးမမှန်ပါက သီးနှံထွက်နှုန်းမကောင်း၍ အကျိုးအမြတ်နည်းခြင်း၊ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရတက်ပါသည်။

လက်သမား၊ ပန်းရံနှင့် အခြားကျပန်းလုပ်ငန်းလုပ်ကိုင်ကျသူများမှာလည်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသော တောင်သူများနှင့် ဆက်စပ်နေသောကြောင့်တောင်သူများ အကျိုးအမြတ်ရ၍ အဆင်ပြေလျှင် ၎င်းတို့လည်း အလုပ်အကိုင်များရရှိ၍ ဝင်ငွေကောင်းပြီး တောင်သူများ သီးနှံဆုံးရှုံးမှုရှိပါက အလုပ်အကိုင်ရှားပါးမှုနှင့် ရင်ဆိုင် ရတက်ပါသည်။

ဆပ်ပြာကျင်းကျေးရွာတွင် ဥစ္စာဓနအဆင့်ကို အဆင့် ၄ ဆင့်ဖြင့်ခွဲခြားထားပါသည်။ အထက်ပါ ဥစ္စာဓန အဆင့် အခြေအနေအရ ချမ်းသာသောမိသားစုမှာ ကျေးရွာအိမ်ထောင်စု၏ (၃၄%) ဖြင့်

အများဆုံး ဖြစ်သည်ကို တွေ့ရှိရပြီး အဆင်ပြေသော အိမ်ထောင်စု (၆၀) ဦးရှိသဖြင့် ကျေးရွာသည် စီးပွားရေးအခြေအနေကောင်းမွန် သည်ကိုလေ့လာတွေ့ရှိရပါသည်။ အလယ်အလတ်အိမ်ထောင်စုမှာ စုစုပေါင်းအိမ်ထောင်စုပေါင်း၏ (၂၈%) ရှိပါသည်။ မပြေလည်သောအိမ်ထောင်စုနှင့် ဆင်းရဲသား မိသားစုမှာ (၆၅) ဦး (၃၈%) ဖြစ်သောကြောင့် အိမ်ထောင်စု များ၏ အများဆုံးအရေအတွက် ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ ဆင်းရဲသောအိမ်ထောင်စုနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုပေါင်းသည် ၃၈%ဖြစ်နေသောကြောင့် ကျေးရွာအိမ်ထောင်စု၏ သုံးချိုးတစ်ချိုး ဖြစ်နေသည်ကို လေ့လာတွေ့ရှိ ရပါသည်။

၄.၈။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ(လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

ဆပ်ပြာကျင်းကျေးရွာတွင် အခြေခံအဆောက်အဦများအနေဖြင့် အုပ်ချုပ်ရေးမှူးရုံး၊ ဓမ္မာရုံရှိသော်လည်း ကျေးလက်ကျန်းမာရေး ဆေးပေးခန်းနှင့် မီးကင်းတဲမရှိသေးပါ။ အခြေခံပညာ မူလတန်းကျောင်းရှိပါသည်။ ကျေးရွာတွင် အစည်းအဝေးပွဲများ၊ ဌာနဆိုင်ရာအသိပညာပေး ဟောပြောပွဲ များ ကျင်းပနိုင်ရန်နှင့် တရားပွဲများ ကျင်းပနိုင်ရန်အတွက် ကျေးရွာပိုင်ဓမ္မရုံ လည်းရှိပါသည်။

ဆပ်ပြာကျင်းကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်ပြီးမိုးရာသီတွင် ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ ဆိုင်ကယ်၊ ကားများလမ်းချော်ခြင်းများဖြစ်ပေါ်သောကြောင့် အဆင့်မြှင့်တင်ဖို့ ရန်လို အပ်သည်။

ကျေးရွာတွင် ဆိုလာဖြင့် မီးအသုံးပြုလျှက်ရှိသောအိမ်ထောင်စု (၁၇၀)ခန့်ရှိပြီး ၊ အခြားနည်းဖြင့် ဓါတ်ခဲမီးအိမ်၊ မီးအိမ်၊ ဖယောင်းတိုင် သာအသုံးပြုလျှက်ရှိသော အိမ်ထောင်စု (၅)စုခန့် ရှိပါသည်။ လျှပ်စစ်မီးလင်းရေး အခြေအနေမှာ ဆပ်ပြာကျင်းကျေးရွာ တွင် လျှပ်စစ်မီးကြိုးများ သွယ်တန်းပြီး ဖြစ်ပါသည်။ ဓါတ်အားလိုင်း လွတ်သည့်အချိန်တွင် ကျေးရွာတွင် မီးလင်းမည်ဖြစ်ပါသည်။ ကျေးရွာ တွင် ရေကြောင်းသယ်ယူပို့ဆောင်မှုများ; မရှိပါ။အခြားသော သယ်ယူပို့ဆောင်ရေး ယာဉ်များကို ဇယားတွင် ဖော်ပြထားပါသည်။စက်ဘီး(၁)စီး မှာ ရွာတွင်း နှင့် ကျောင်းသားများ ကျောင်းသွားရန်သာ အသုံးပြုကြ

သည်။ ဆိုင်ကယ် (၁၅၆) စီး မှာ သယ်ယူပို့ဆောင်ရေး ဝန်တင် အဖြစ် သုံးပြီး၊လုပ်ငန်းသုံးအနေဖြင့် ကား အစီး (၁၉) မှာ လုပ်ငန်းသုံးနှင့် အိမ်စီးကားများဖြစ်သည်။

ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများ အတွက် လက်လှမ်းမီ အသုံးပြု နိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့် အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ဆိုလာမီး အသုံးလျှက် ရှိသော အိမ်ထောင်စုများ၏ (၈၉%)မှာတီဗွီမှ ဗဟုသုတ အစီအစဉ်များ ကြည့်ရှု နိုင်ကြပါသည်။

၄.စ။ပညာရေး

ဆပ်ပြာကျင်းကျေးရွာတွင်အခြေခံပညာမူလတန်းကျောင်းရှိသည့် အတွက်ကျေးရွာရှိ ကလေး များ ပညာရေးကို အလွယ်တကူသင်ကြားခွင့်ရရှိကြပါသည်။အလယ်တန်းအဆင့်ရောက်ရှိပါက ကျေးရွာ မှ (၁)မိုင်ခန့်အကွာရှိ သိမ်ကုန်းကျေးရွာသို့လည်းကောင်း ၊ အထက်တန်းအဆင့်ရောက်ရှိပါက ကျေးရွာမှ (၄)မိုင်ခန့် ကွာဝေးသော ဖလံကျင်းကျေးရွာသို့လည်းကောင်း သွားရောက်ပညာသင်ယူရပါသည်။ ကျောင်းသား/ ကျောင်းသူများမှာလည်း အခြေခံပညာအဆင့်ထိ(၂၉၀)ဦးခန့် ရှိပါသည်။ လက်ရှိ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်း ဧရိယာစတုရန်း ပေ(၁၁၅၂) ရှိသည်။ စာသင်ကျောင်း ဆောင်၏ အရည်အသွေးမှာ သင့်တင့်သည့် အနေအထားရှိပြီး ကျောင်း ပရိဘောဂများ လုံလောက်မှု မရှိသေး ပါ ။ကျောင်းပညာရေးအားပိုမိုအားကောင်းစေရန် ကျောင်းအဆင့်မြှင့်တင် ပေးခြင်း ၊ လိုအပ်သောဆရာ /ဆရာမအင်အားဖြည့်တင်းပေးခြင်းနှင့် သင်ထောက်ကူပစ္စည်းများထားရှိပေးခြင်း၊ ကျောင်းသား/ သူ များဘက်စုံထူးချွန်စေမည့် စီမံချက်များ လုပ်ဆောင် ပေးရန်လိုအပ်လျှက်ရှိပါသည်။ သို့ဖြစ်ပါ၍ မိုးရာသီ တွင် ချောင်းရေကျချိန် တွင် သိမ်ကုန်းကျေးရွာသို့ သွားရောက်ကျောင်းတက်ရသည့် ကျောင်းသူ ကျောင်းသားများမှာ အခက်အခဲရှိပါသည်။

ဆပ်ပြာကျင်းကျေးရွာ၏ စာမတတ်သူဦးရေမှာ ဇနှစ်အထက် စုစုပေါင်းလူဦးရေ၏ (၇%)မျှ သာဖြစ်ပြီး မူလတန်းပညာပြီးဆုံးသူမှာ (၃၈%) ဖြစ် ဖြစ်သည်ကို တွေ့ရှိရ ပါသည်။ စာတတ်မြောက်မှု

နှုန်းကို ခြုံ၍ကြည့်ပါက မူလတန်းပညာ ပြီးဆုံးသူ(၃၈%)၊ အလယ်တန်းပညာ ပြီးဆုံးသူ (၄၂%)၊ အထက်တန်းပညာပြီးဆုံးသူ (၁၁%)၊ တက္ကသိုလ်ပညာ ပြီးဆုံးသူ(၂%)ဖြစ်သောကြောင့် ကျေးရွာတွင် စာတတ်မြောက်မှုနှုန်းများခြင်းနှင့် ပညာရေးစိတ်ဝင်စားသော ကျေးရွာဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ် အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည့်အတွက် ရွှေ့ပြောင်းသွား လာလုပ်ကိုင်စား သောက်နေသူများရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

၄.ဆ။ ကျန်းမာရေး

ဆပ်ပြာကျင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိသည့်အတွက် ကျေးရွာနှင့် (၆)ဖာလုံခန့် ကွာဝေးသော ကျန်းမာရေးဆေးပေးခန်းနှင့် သားဖွားဆရာမရှိသည့် မြောက်လည်ကျေးရွာသို့ သွားရောက်၍ ဆေးကုသမှုများ ခံယူကြပါသည်။ ထို့အပြင် ကျေးရွာနှင့် (၄)မိုင်ခန့် ကွာဝေးသော ဖလံကျင်းကျေးရွာတွင် တပ်မှူး ဆေးမှူးရှိသော်လည်း အနည်းငယ်အလှမ်းကွာဝေးသဖြင့် အများအားဖြင့် မြောက်လည်ကျေးရွာသို့သာ အဓိကသွားရောက်ပါသည်။ ဆပ်ပြာကျင်းကျေးရွာသူ/ကျေးရွာသားများ၏ ကျန်းမာရေးနှင့်ပတ်သက်၍ ကူးစက်ရောဂါ ဖြစ်ပွားသူများမှာ အနည်းငယ်မျှသာရှိပြီး အများစုမှာ ကျန်းမာရေးကောင်းမွန်ကြပါသည်။ တစ်ခါတစ်ရံ ကလေးသူငယ်များ မသန့်ရှင်းသော အစား အသောက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရာသီပေါ်တုတ်ကွေး၊ ဖျားနာဖြစ်ခြင်း၊ တိုက်ဖြစ်ပေါ်တက်ပါသည်။ ထိုအချိန်တွင် ကျန်းမာရေးဌာနမှ အချိန်မှီလာရောက်ကုသမှုရှိ၍ ကျန်းမာရေးဗဟုသုတ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးလျက် ရှိပါသည်။ သို့သော်လည်း အရေးပေါ်ကိစ္စများတွင် ကျန်းမာရေးဝန်ဆောင်မှု အချိန်မှီ ရရှိနိုင်ရန်အတွက် ကျေးလက်ကျန်းမာရေးဆေးပေးခန်းများချထားပေးခြင်း ၊ ကျန်းမာရေးဌာနခွဲအား အဆင့်မြှင့်တင်ခြင်း၊ တိုက်နယ်အဆင့် တိုးမြှင့်ခြင်းတို့ ပြုလုပ်ပေးရန်လိုအပ်လျက်ရှိသည်။

သောက်ရေအတွက် အဝီစီ စက်တပ်နှင့် တုံကင်တွင်းများ ရှိသည့်အတွက် ရေအခက်အခဲမရှိပါ။ သို့သော် ရေအရည်အသွေးများ စမ်းသပ်စစ်ဆေးမှုများ မရှိသေးပါ။

ကျေးရွာအိမ်ထောင်စု အများစုမှာ ယင်လုံအိမ်သာ သုံးစွဲကြပါသည်။ စုစုပေါင်းအိမ်ထောင်စု၏ ၄၃%ခန့်သည် ရေဆွဲအိမ်သာများကိုအသုံးပြုကြသည်။ ယင်လုံ အိမ်သာ မသုံးစွဲသော မိသားစုအချို့မှာ ဆင်းရဲသောမိသားစုများနှင့် ကျန်းမာရေး အသိမရှိသေးသော မိသားစုများသာဖြစ်ပါသည်။ ၎င်းတို့အား ယင်လုံအိမ်သာ သုံးစွဲခြင်းဖြင့် ကျန်းမာရေး၏ အရေးကြီး ပုံများကို အသိပညာပေးခြင်း ပြုလုပ်ပေးရန် လိုအပ်ပါသည်။

၄.၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ဆပ်ပြာကျင်းကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြု မှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ် တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာတွင်တစ်ခါတစ်ရံ အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ခြင်း၊ လေပြင်းများတိုက်ခက်ခြင်း၊ မိုးသီးများကြွေကျခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း အစရှိသော ဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ပါသည်။အပူချိန်မြင့်မား၍ မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေးရှားပါးမှုနှင့် ကြုံတွေ့ရပြီး လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်း၊ မိုးသည်းထန်စွာရွာသွန်း၍ မြစ်ရေကြီးမှု၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် ဘေးအန္တရာယ်များလည်း ဖြစ်ပေါ်လာနိုင်ပါသည်။

၄.၈။ ကျား - မရေးရာ

ဆပ်ပြာကျင်းကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်း

အကြမ်းဖက်မှု နှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည်သာမန်အားဖြင့်ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင် သော ကိန်းဂဏန်းများအရ ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေး မှာ အမျိုးသမီးများသည် အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။

ဆပ်ပြာကျင်းကျေးရွာတွင် ကျားမမရွေး၊ လူကြီးလူငယ်မရွေး နှစ်စဉ်ဝါတွင်းကာလ၌ ဆွမ်းတော်ကြီးလှည့်ခြင်းကို သာသနာ့ အကျိုးတော်ဆောင် ဂေါပကအဖွဲ့များနှင့် ပူးပေါင်း၍ လှည့်လည်ခြင်း၊ ဝါတွင်းကာလ ဥပုသ်နေ့များ၌ ဆွမ်းလောင်းခြင်း၊ ကျေးရွာတွင်းသာရေးနာရေးများတွင်လည်းကူညီဆောင်ရွက်ခြင်း၊ ကျေးရွာလုံခြုံရေး လုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် (၁၂) လရာသီပွဲတော်များတွင် ဦးဆောင်၍ ဆောင်ရွက်ကြပါသည်။ဆပ်ပြာကျင်းကျေးရွာအမျိုးသမီးများမှာ ဘာသာရေးပွဲများတွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ခြင်း၊ နာရေးများတွင် သံဝေဂအလင်္ကာများ ရွတ်ဆိုပို့ဆောင်ခြင်းကြောင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် အမျိုးသားများနှင့် တန်းတူရင်ဘောင်တန်း၍ ပူးပေါင်းဆောင်ရွက်ကြပါသည်။

ဆပ်ပြာကျင်းကျေးရွာ ၏ စိုက်ပျိုးရေးတွင် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၄၀၀၀/–) ကျပ်ဖြစ်ပြီး၊ လက်သမား၊ ပန်းရန်စသော လက်မှုပညာဖြင့် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှ တစ်ရက်လုပ်အားခမှာ (၆၀၀၀/ _) ကျပ်ဖြစ်ပါသည်။ စိုက်ပျိုးရေး လုပ်ငန်းများတွင် လုပ်ကိုင်ကြသော အမျိုးသမီးများ၏ တစ်ရက်လုပ်အားလပျမ်းမျှမှာ (၃၀၀၀/–)ကျပ်ရရှိပြီး အခြားဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သော ပန်းရံ၊ လက်သမား၊ ကျပန်းလုပ်ငန်းများတွင် အမျိုးသားပျမ်းမျှ (၆၀၀၀/ –) ကျပ်နှင့် အမျိုးသမီးပျမ်းမျှ (၄၀၀၀/ –) ကျပ်ရရှိကြသည်။ အခြားနိုင်ငံဝန်ထမ်းများ တွင် အမျိုးသား၊ အမျိုးသမီး ရာထူးတူ လစာနှုန်းတူများရရှိကြ၍ အခြားအဖွဲ့အစည်းများတွင် လုပ်ကိုင်နေကြသူ များ လည်း ရှိပါသည်။

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စီမံချက်အမည်	ဦးစားပေးအဆင့်
ကျေးရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်း	၁
မူလတန်းကျောင်းအတွက်လိုအပ်သောပရိဘောဂများဖြည့်တင်းခြင်း	၂
ကျေးလက်ဆေးပေးခန်းရရှိလိုခြင်း	၃
လူနာတင်ကားချထားပေးစေလိုခြင်း	၄
ကျေးရွာစာကြည့်တိုက်တည်ထောင်လိုခြင်း	၅

နောက်ဆက်တွဲ (၁)

သရက်ပင်အုပ်စု၊ ဆပ်ပြာကျင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးအောင်မြိုင်	ဦးတင်ဆောင်	၉/မထလ(နိုင်)၂၉၂၄၇၃	၄၈	ဥက္ကဋ္ဌ	
၂	ဦးကျော်ခင်	ဦးပြုံး	၉/မထလ(နိုင်)၂၉၂၄၇၃	၅၅	ဒုဥက္ကဋ္ဌ	
၃	ဦးသန်းဌေး	ဦ:သန်းဆောင်	၉/မထလ(နိုင်)၁၈၀၁၆၈	၅၅	အတွင်းရေးမှူး	
၄	ဦးမြနိုင်	ဦးအေးမောင်	၉/မထလ(နိုင်)၁၃၉၂၀၀	၄၁	ဒုအတွင်းရေးမှူး	
၅	ဦးမြင့်သိန်း	ဦးအုန်းမောင်	၉/မထလ(နိုင်)၁၈၁၅၀၂	၄၅	စာရင်းကိုင်(၁)	
၆	ဦးဟိန်းသက်ထွန်း	ဦးမန်းရီ	၉/မထလ(နိုင်)၀၉၂၄၉၃	၂၃	စာရင်းကိုင်(၂)	
၇	ဦးမြင့်ဇော်ဦး	ဦးသိန်းဝင်း	၉/မထလ(နိုင်)၀၃၉၀၀၁	၃၉	ဘဏ္ဍာရေးမှူး	
၈	ဦးအောင်မြိုင်	ဦးကြည်ဝင်း	၉/မထလ(နိုင်)၂၃၃၄၂၃	၄၆	သော့ကိုင်(၁)	
၉	ဦးသိန်းမြင့်	ဦးကြည်လွင်	၉/မထလ(နိုင်)၂၉၂၄၆၀	၅၃	သော့ကိုင်(၂)	
၁၀	ဦးကျော်နိုင်	ဦးတင်ဆောင်	၉/မထလ(နိုင်)၂၆၈၄၄၀	၂၈	အဖွဲ့ဝင်	
၁၁	ဦးဝင်းစိုး	ဦးချစ်တီး	၉/မထလ(နိုင်)၂၉၂၅၀၉	၄၀	အဖွဲ့ဝင်	
၁၂	ဒေါ်ဟိန်းသန္တာဌေး	ဦးဇော်မှူး	၉/မထလ(နိုင်)၂၉၂၅၁၂	၂၀	အဖွဲ့ဝင်	
၁၃	ဒေါ်နှင်းရွှေ	ဦးတင်	၉/မထလ(နိုင်)၁၉၆၂၁၁	၄၉	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၀	၄	၄
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၂	၂၇	၃၉
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၆	၂၅	၄၁
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၅	၂၄	၄၉
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၆၃	၃၁၄	၅၇၇
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၉	၆၁	၉၀
စုစုပေါင်း		၃၄၅	၄၅၅	၈၀၀
စုစုပေါင်း အိမ်ထောင်စု				၁၇၅

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။- မိတ္ထီလာမြို့နယ် ၊ သရက်ပင်အုပ်စု၊ ဆပ်ပြာကျင်း ကျေးရွာတွင် အလုပ်လုပ်နိုင်သည့် အရွယ်သည် စုစုပေါင်းလူဦးရေ၏ ၅၁%ရှိသည်။ အလုပ်လုပ်နိုင်သည့်အရွယ်များမှာ ပြည်တွင်းပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသူများလည်းပါဝင်ပါသည်။ ကျားမဦးရေအနေဖြင့် အမျိုးသမီးအချို့ အနည်းငယ်ပိုများပြီး စုစုပေါင်းလူဦးရေ၏၅၆%ရှိသည်။ တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေမှာ ၄ ဦး ကျော်ခန့်ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၇၅	၆၅၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၇၅	၆၅၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
					☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁၅	၁၅	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၁၂	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၂	၀	မြင့် ☐ လတ် ☐ နိမ့် ☑
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် သေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၇	**ပညာရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	၀	မြင့် ☐ လတ် ☑ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	၀	မြင့် ☐ လတ် ☑ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။- မိတ္ထီလာမြို့နယ် ၊သရက်ပင်အုပ်စု ၊ ဆပ်ပြာကျင်းကျေးရွာတွင် အဓိကအလုပ်အကိုင်မှာ လယ်ယာစိုက်ပျိုးရေး:လုပ်ငန်းဖြစ်သည်။ အိမ်ထောင်စုအားလုံးနီးပါး မှာ လယ်ယာကိုယ်ပိုင်လုပ်ကိုင်သူများဖြစ်ပြီး မွေးမြူရေးတွဲဖက်လုပ်ကိုင်ကြသည်။ လယ်ယာထွက်ကုန်များမှ အမြတ်နည်းသောကြောင့် စီးပွားရေးလုပ်ငန်း အားနည်းသည်ကို တွေ့ရှိရသည်။ အိမ်ထောင်စု ၅၀ ခန့် မှ လူငယ်လူရွယ်များသည် ဒေသတွင်း အလုပ်အကိုင် ရှားပါးသောကြောင့် အခြားဒေသများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည်။ ဆက်သွယ်ရေး MRTV သို့သွားရောက်လုပ်ကိုင်သူ(၂)ဦးရှိပါသည်။ ကျန်းမာရေးသင်တန်းဆင်းပြီး ဆေးကုပေးနေသော ကျန်းမာရေး ဆရာမ(၁)ဦးရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၄၀၀၀	၃၀၀၀	၀	၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၃၅၀၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ခြင်း၊ မွေးမြူခြင်း)					
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၆၀၀၀	၀	၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။- ကျေးရွာအတွင်း တွင် လုပ်ခလစာများ အနေဖြင့် လယ်ယာလုပ်ငန်းအတွက် အမြင့်ဆုံး လုပ်ခလစာမှာ တစ်ရက် ၄၀၀၀ ကျပ်မှအနည်းဆုံး ၃၀၀၀ ကျပ် အထိရှိသည်။ လယ်ယာလုပ်ငန်းလုပ်သားများမှာ ရာသီချိန်သာ အလုပ်ရှိသောကြောင့် လုပ်သား ရှားပါးကြသည်။ ဆောက်လုပ်ရေးလုပ်ငန်းအတွက် အများဆုံး

လုပ်ခ တစ်ရက်လျှင် ၆၀၀၀ ကျပ် သာရရှိသောနောက်လိုက်လုပ်သားလုပ်ကိုင်သူများရှိသည်။ လုပ်ငန်းအများစုအတွက် ကျားမ လုပ်ခကွာဟချက်မှာ တစ်ရက် ၁၀၀၀ ကျပ် ကွာဟမှုများ တွေ့ရသကဲ့သို့ တန်းတူရရှိသည့်အခါများကိုလည်းတွေ့ရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☑
ယာမြေ / တောင်ယာမြေ	၄၃၉.၀၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း / ကျွန်းမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	၄၄၀	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - -ဆပ်ပြာကျင်းကျေးရွာတွင် ယာမြေပိုင်ဆိုင်မှုများသာရှိပြီး ၄၄၀ ဧက ရှိသည်။ မိုးရေဖြင့်သာအဓိကထားစိုက်ပျိုးပါသည်။ မိုးစပါးလယ်ဧက (၆၀၀)ကျော်ဖြင့်စိုက်ပျိုးပါသည်။ လယ်မြေများမှာတပ်သိမ်းမြေများဖြစ်ပြီး ယာမြေများမှာ ပုံစံ(၇) ရရှိရန် လိုအပ်ပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခ က် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ - ကျေးရွာအနီးတွင်သဲ ချောင်းရှိပြီး ချောင်းသဲ၊ ကျောက်စရစ်များရရှိသော်လည်း စီးပွားဖြစ်ထုတ်ယူသုံးစွဲခြင်းမရှိပါ။ သဘာဝဆေးဘက်ဝင်ပင်များအနည်းငယ်ရှိသည်။ အခြားအရင်းအမြစ်များမှာ ထူးခြားမှု မရှိပေ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၆၀	၅၀	၄၀	၂၅

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ သရက်ပင်အုပ်စု ဆပ်ပြာကျင်းကျေးရွာတွင် စုစုပေါင်း အိမ်ထောင်စု၏ တစ်ဝက်ကျော် (၆၂%)မှာ အဆင်ပြေသော အိမ်ထောင်စုများနှင့် အလယ်အလတ်အိမ်ထောင်စုများဖြစ်ပြီး အိမ်ထောင်စု အများဆုံးဖြစ်သည်။ အလွန်ဆင်းရဲသောအိမ်ထောင်စုမှာ အနည်းဆုံးဖြစ်ပြီး စုစုပေါင်းအိမ်ထောင်စု ၏ ၁၅%ဖြစ်သည်။တပ်သိမ်းမြေများဖြစ်သဖြင့် လယ်ယာမြေပိုင်ဆိုင်မှုနည်းပါးပါသည်။ ပုံစံ(၇)များလိုအပ်ပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - - ကောက်ယူထားခြင်းမရှိပါ။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၁	၆	၇
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			၀
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			၀
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ - သရက်ပင်ကျေးရွာအုပ်စု ၊ဆပ်ပြာကျင်းကျေးရွာတွင်
ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ မှာ သက်ကြီးရွယ်အို
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ကျား(၁)ဦး ၊ မ(၆)ပေါင်း (၇)ဦး ရှိပြီး ရပ်ရွာမှ
စောင့်ရှောက်လျှက်ရှိပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၂	၄က်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ - ဆပ်ပြာကျင်းကျေးရွာတွင် ထိခိုက်သက်ရောက်မှုအနေဖြင့် မိုးခေါင်ခြင်းသည် အမြင့်ဆုံး ဖြစ်ပြီး တီဘီရောဂါနှင့် တိရစ္ဆာန် ကူးစက် ရောဂါ ကျရောက်မှု အနည်းငယ်ရှိကြောင်း တွေ့ရှိရပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အတွက် မိုးခေါင်ခြင်း ဒဏ်ကို ပိုမိုခံစားရသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၉	ရွှေပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ -ဆပ်ပြာကျင်းကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများမရှိပါ။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေးအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၁၆	၀	၁၆	ပညာရေး ☐ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☐ ညံ့ ☑
၂	လျှပ်စစ်မီးလင်းရေးကော်မတီ	၁ ☐ ၂ ☐ ၃ ☑	၁၃	၀	၁၃	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၃	လမ်းကော်မတီ	၁ ☐ ၂ ☑ ၃ ☐	၇	၀	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	မြေယာကော်မတီ	၁ ☐ ၂ ☐ ၃ ☑	၅	၀	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၅	မီးသတ်အဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၁၅	၀	၁၅	ပညာရေး☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၆	မိခင်နှင့်ကလေး	၁ ☐ ၂ ☑ ☐ ၃	၀	၁၅	၁၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ဆပ်ပြာကျင်း ကျေးရွာတွင် စီးပွားရေးအခြေခံသောအုပ်စုအနေဖြင့် ပတ်မြန်မာမှ ငွေစုငွေချေး အဖွဲ့တစ်ခုရှိပြီး ငွေကြေးလုပ်ငန်း ကို လုပ်ကိုင်သောအဖွဲ့ဖြစ်သည်။ ဘာသာရေးအဖွဲ့အနေဖြင့် တစ်သီးတစ်ခြားတည်ထောင်ထားခြင်းမရှိသော်လည်း ရပ်ရွာမှ ဆော်ဩဆောင်ရွက်စရာမလိုဘဲ ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ လမ်းကော်မတီ၊ လျှပ်စစ်မီးလင်းရေးကော်မတီ ၊ မြေယာကော်မတီ ၊ ကျောင်းကော်မတီ ၊

အရံမီးသတ်အဖွဲ့ နှင့် မိခင်နှင့်ကလေးအဖွဲ့များဖွဲ့စည်းထားပါသည်။ ကျေးရွာတွင်းအဖွဲ့အစည်းများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို အားကြိုးမာန်တတ်လုပ်ကိုင်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	Pact Myanmar	၁ ☐ ၂ ☑ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ - ကုက္ကိုကုန်းကျေးရွာတွင် ပြင်ပချိတ်ဆက်ထားသောအဖွဲ့အနေဖြင့် ပတ်မြန်မာအဖွဲ့ရှိပြီး ငွေစုငွေချေးလုပ်ငန်း လုပ်ကိုင်သည်။ မိတ္ထီလာမြို့နယ်တွင်ဖွံ့ဖြိုးရေးအဖွဲ့များ (CESVI, UNHABIT,

Save the Children, AMDA, Pact, Action Aid) စသည့်အဖွဲ့များရှိသော်လည်း ကျေးရွာသို့ ဝင်ရောက်ခြင်းမရှိခဲ့ပါ ကျေးရွာမှလည်း ဦးဆောင်ချိတ်ဆက်ခဲ့ခြင်း မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင ် သတ်မှတ်ချက်
၁	မြေယာမဲ့	၃၁	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၆၈	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကကြား	၄၉	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား	၂၇	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၁၇၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်မြေယာအနည်းအကျဉ်းသာပိုင်ဆိုင်သောအိမ်ထောင်စုမှာ အများဆုံးဖြစ်ပြီး စုစုပေါင်းအိမ်ထောင်စု၏ ၃၈ %ရှိသည်။ မြေယာမဲ့ အိမ်ထောင်စုမှာ စုစုပေါင်းအိမ်ထောင်စု၏ ၁၇%ရှိသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၆	လက်ဝင်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ ☐ မရှိ ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ ☑	မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။- သရက်ပင်အုပ်စု ဆပ်ပြာကျင်းကျေးရွာတွင် မိုးရေကိုသာအဓိကထားစိုက်ပျိုးပါသည်။ မိုးကောင်းရေသောက်အမျိုးအစားဖြစ်ပါသည်။စိုက်ပျိုးရေအခက်အခဲရှိပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
နှမ်း	၄၃၈	တင်း	၅	၁၀	၇.၅	မေ	ဩဂုတ်	မြင့် ☐ လတ် ☐ နိမ့် ☑	မြင့် ☐ လတ် ☐ နိမ့် ☑
ပဲစင်းငုံ	၄၃၈	တင်း	၇	၁၂	၉.၅	မေ	ဒီဇင်ဘာ	မြင့် ☐ လတ် ☐ နိမ့် ☑	မြင့် ☐ လတ် ☐ နိမ့် ☑
ပဲကြား	၄၃၈	တင်း	၇	၁၀	၈.၅	စက်တင်ဘာ	နိုဝင်ဘာ	မြင့် ☐ လတ် ☐ နိမ့် ☑	မြင့် ☐ လတ် ☐ နိမ့် ☑
								မြင့် ☐ လတ် ☐ နိမ့် ☐	မြင့် ☐ လတ် ☐ နိမ့် ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ - ဆပ်ပြာကျင်း ကျေးရွာ၏ အဓိကစိုက်ပျိုးသော သီးနှံမှာ နှမ်းနှင့်ပဲစိမ်းငုံတို့ ဖြစ်ပြီး စိုက်ပျိုးမြေအရည်သွေးသင့်သော်လည်း သီးနှံအထွက်နှုန်းကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ လယ်မြေဧကစုစုပေါင်း၏ တစ်ဝက်ကျော်ခန့်မိုးစပါးစိုက်ပျိုးနိုင်ပြီး နွေစပေါ်းလည်းစိုက်ပျိုးသည်ကိုတွေ့ရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၂	၀	၀	၁၃၈
လက်တွန်းထွန်စက်	၆	၀	၀	၀
အစေ့ချ ကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၁၀၅	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၃	၀	၀	၀

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ - ဆပ်ပြာကျင်းကျေးရွာတွင် လယ်ယာသုံး စက်ကိရိယာအနေဖြင့် ထွန်စက် ၂လုံးနှင့် လက်တွန်းထွန်စက် ၆လုံးရှိသည်။ မြေယာပြုပြင်ရန်အတွက် စက်ငှားရမ်းသုံးစွဲသူ ၁၃၈ ဦး ဝန်းကျင်သာ ရှိသော ကြောင့် တောင်သူများအားလုံးနီးပါး စက်အသုံးပြုသည်ကို တွေ့ရှိနိုင်သည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ မဖြေဆိုပါ ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ ☐ မဖြေဆိုပါ ☑
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☐ မဖြေဆိုပါ ☑
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☑ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☑ မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐သီးနှံများကို ရောင်းချနိုင်သည်

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
	☑ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ -ဆပ်ပြာကျင်းကျေးရွာတွင် စိုက်ပျိုးရေး အခွင့်အလမ်းအနေဖြင့် လယ်ယာမြေအရည်အသွေးသင့်တင့်ပြီး သွင့်အားစုဝယ်ယူရရှိနိုင်သော်လည်း စိုက်ပျိုးရေးနှင့် စိုက်ပျိုးစရိတ် ချေးငွေ များ နှင့်ပတ်သက်၍အခက်အခဲရှိသည်ကိုတွေ့ရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီသြဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ ☑
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ☑
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☑ လုံးဝမရ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဥပမာ ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
	☐ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ မဖြေဆိုပါ ☑
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☐ အနည်းငယ် ☐ မဖြေဆိုပါ ☑

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

